# အလုပ်သင်လုပ်သား၏ နေထိုင်ခွင့်ဗီဇာ(ဇိုင်းလျူးရှိခါ့ခု) နှင့် ပတ်သက်၍

* ဤသည်မှာ ၂၀၂၀ပြည့်နှစ် အောက်တိုဘာလ ၁၉ရက်နေ့အချိန်တွင် ရှိသည့်အချက်အလက်များဖြစ်သည်။

## မိခင်နိုင်ငံသို့ မပြန်နိုင်သူ/ ဆက်လက်၍ အလုပ်မသင်နိုင်သူ

●မိခင်နိုင်ငံသို့ မပြန်နိုင်သူ

◆"အထူးသတ်မှတ်ထားသည့် လှုပ်ရှားမှု (တိုကုတဲအိ ခတ်ဆုဒိုး) (၆လတာ၊ အလုပ်လုပ်နိုင်)"သို့မဟုတ်"အထူးသတ်မှတ်ထားသည့် လှုပ်ရှားမှု (၆လတာ၊ အလုပ်မလုပ်နိုင်)" နေထိုင်ခွင့်ဗီဇာသို့ ပြောင်းလဲနိုင်သည်။

－မပြန်နိုင်သည့်အနေအထား ဆက်ဖြစ်နေသူသည် နေထိုင်ခွင့်ဗီဇာကို အသစ်ပြင်နိုင်သည်။

"အထူးသတ်မှတ်ထားသည့် လှုပ်ရှားမှု (၆လတာ၊ အလုပ်မလုပ်နိုင်)"ဆိုလျှင်လည်း အလုပ်သစ်ကို ရှာဖွေနိုင်ပါသည်။ အလုပ်ရှာတွေ့ချိန်တွင် "အထူးသတ်မှတ်ထားသည့် လှုပ်ရှားမှု (၆လတာ၊ အလုပ်လုပ်နိုင်)"သို့ နေထိုင်ခွင့်ဗီဇာ အမျိုးအစား ပြောင်းလဲနိုင်ပါသည်။

"အထူးသတ်မှတ်ထားသည့် လှုပ်ရှားမှု (၆လတာ၊ အလုပ်လုပ်နိုင်)"သို့ ပြောင်းလဲနိုင်သည်မှာ ယခင် အလုပ်သင်ခဲ့သည့် အမျိုးအစားနှင့် သက်ဆိုင်သည့် အလုပ်တာဝန်ကို လုပ်ကိုင်သူသာဖြစ်သည်။ (ကုမ္ပဏီ မတူလျှင်လည်း ရပါသည်။)

●ယခုအချိန်အထိ အလုပ်သင်နေခဲ့သည့် နေရာတွင် ဆက်လက်၍ အလုပ်မသင်နိုင်သူ

●အလုပ်သင်သင်တန်း ပြီးဆုံးပြီးနောက် မိခင်နိုင်ငံသို့ မပြန်နိုင်သူ

◆အလုပ်သင်ရန်နေရာသစ် ရှာမတွေ့သည့်အခါ၊ "အထူးသတ်မှတ်ထားသည့် လှုပ်ရှားမှု (အများဆုံး ၁နှစ်တာ၊ အလုပ်လုပ်နိုင်)"သို့ နေထိုင်ခွင့်ဗီဇာ ပြောင်းလဲနိုင်သည်။

－ယခင် အလုပ်သင်ခဲ့သည့်အမျိုးအစားနှင့် မတူသည့် အလုပ်တာဝန် (လူမမာပြုစုစောင့်ရှောက်ရေးနှင့် စိုက်ပျိုးမွေးမြူရေး စသည့် နယ်ပယ် ၁၄မျိုးသာ) ကို လုပ်ဆောင်နိုင်ပါသည်။

*"ကျွမ်းကျင်လုပ်သား" (တိုကုတဲအိ ဂိနို)နေထိုင်ခွင့်ဗီဇာဖြင့် အလုပ်လုပ်နိုင်သည့် ကျွမ်းကျင်မှုကို ပိုင်ဆိုင်နိုင်ရန်အတွက် အလုပ်ကို ဆက်လက် လုပ်ကိုင်သူများသာ စသည့် ကန့်သတ်ချက်များ ရှိပါသည်။

အောက်ပါ အင်တာနက်စာမျက်နှာတွင် ဘာသာစကားအချို့ဖြင့် ရှင်းလင်းချက်များ ရှိပါသည်။

http://www.moj.go.jp/isa/nyuukokukanri14_00008.html

(ဂျပန်ဘာသာ၊ လွယ်ကူသော ဂျပန်ဘာသာ၊ အင်္ဂလိပ်၊ တရုတ်၊ ဗီယက်နမ်၊ တာဂါလော့၊ ပေါ်တူဂီ၊ နီပေါ၊ အင်ဒိုနီးရှား၊ စပိန် ဘာသာများ)

新型コロナウイルス感染下における
外国にルーツがある人々への支援活動応援助成
三菱財団 × 中央共同募金会

原稿作成・翻訳：NPO 法人 多言語センターFACIL
https://tcc117.jp/facil/
FACIL

## ဂျပန်တွင် အလုပ်သင်လုပ်သားအဖြစ် ဆက်လက် လုပ်ဆောင်မည့်သူ

●အလုပ်သင်လုပ်သား စာမေးပွဲကို ဝင်ရောက်မဖြေဆိုနိုင်ဘဲ အလုပ်သင်လုပ်သား နောက်တစ်ဆင့် သို့ မတက်နိုင်သူ

◆စာမေးပွဲကို ဖြေဆိုပြီး နောက်တစ်ဆင့်တက်နိုင်သည်အထိ "အထူးသတ်မှတ်ထားသည့် လှုပ်ရှားမှု (၄လတာ၊ အလုပ်လုပ်နိုင်)" နေထိုင်ခွင့်ဗီဇာသို့ ပြောင်းလဲနိုင်ပါသည်။

*ယခင် အလုပ်သင်ခဲ့သည့် နေရာတွင် တူညီသည့် လုပ်ငန်းတာဝန်ကို လုပ်ရန်သာလိုအပ်သည်။

●"အလုပ်သင်လုပ်သား (ဂိနို ဂျိရှူး) အမှတ် ၂ / အမှတ် ၃" ပြီးဆုံးခဲ့သော်လည်း "ကျွမ်းကျင်လုပ်သား အမှတ် ၁" သို့ ဆက်တက်ရန် ကြိုတင်ပြင်ဆင်မှု မလုပ်နိုင်သူ

◆ကြိုတင်ပြင်ဆင်နေသည့် ကာလ အတွင်း "အထူးသတ်မှတ်ထားသည့် လှုပ်ရှားမှု (၄လတာ၊ အလုပ်လုပ်နိုင်)" နေထိုင်ခွင့်ဗီဇာသို့ ပြောင်းလဲနိုင်ပါသည်။

(ကြိုတင်ပြင်ဆင်မှု ပြီးဆုံးသူသည် "ကျွမ်းကျင်လုပ်သား အမှတ် ၁" နေထိုင်ခွင့်ဗီဇာ သို့ ပြောင်းလဲနိုင်ပါသည်။)

*ယခင် အလုပ်သင်ခဲ့သည့် နေရာတွင် တူညီသည့် လုပ်ငန်းတာဝန်ကို လုပ်ရန်သာလိုအပ်သည်။

●"အလုပ်သင်လုပ်သား အမှတ် ၂" ပြီးဆုံးမည်ဖြစ်သဖြင့် "အလုပ်သင်လုပ်သား အမှတ် ၃" သို့ ဆက်တက်လိုသူ

◆"အလုပ်သင်လုပ်သား အမှတ် ၃" နေထိုင်ခွင့်ဗီဇာ သို့ ပြောင်းလဲနိုင်ပါသည်။

*ကြီးကြပ်ရေးအဖွဲ့အစည်း (ခန်းလီ ဒန်းတိုင်း) (အလုပ်သင်မှုကို ထောက်ပံ့ပေးသည့် အဖွဲ့အစည်း) နှင့် အလုပ်သင်ပေးနေသည့် ကုမ္ပဏီက "ထူးချွန်(အထူးကောင်းမွန်)"သည်ဟု အသိအမှတ်ပြုခံရသည့်အခါတွင်သာဖြစ်သည်။ ကုမ္ပဏီနှင့် ကြီးကြပ်ရေးအဖွဲ့အစည်းများတွင် မေးမြန်းစုံစမ်းပါ။

နေထိုင်ခွင့်ဗီဇာ နှင့်ပတ်သက်၍ ဘာသာစကားအမျိုးမျိုးဖြင့် တိုင်ပင်ဆွေးနွေးနိုင်သည့်နေရာ

ဒေသဆိုင်ရာ ဘာသာစကားပေါင်းစုံ တိုင်ပင်ဆွေးနွေးရေးကောင်တာ

http://www.clair.or.jp/j/multiculture/association/consultation_list.html

**Yorisoi Hotline** (ယောလိစိုးအိ ဟော့တ်လိုင်း)

https://www.since2011.net/yorisoi/

နိုင်ငံခြားသား နည်းပညာ အလုပ်သင်တန်း ကြီးကြပ်ရေးကော်မတီ မိခင်ဘာသာဖြင့်တိုင်ပင်ဆွေးနွေးမှု

https://www.otit.go.jp/

新型コロナウイルス感染下における
外国にルーツがある人々への支援活動応援助成
三菱財団 × 中央共同募金会

原稿作成・翻訳：NPO法人 多言語センターFACIL
https://tcc117.jp/facil/
FACIL

မှီငြမ်း/ကိုးကား

"မိခင်နိုင်ငံသို့ပြန်ရန် ခက်ခဲနေသည့် နိုင်ငံခြားသားများအတွက်သာဖြစ်သော ကိုင်တွယ်မှု" (လူဝင်မှုကြီးကြပ်ရေးဌာန ၂၀၂၀ပြည့်နှစ် အောက်တိုဘာလ ၁၉ရက်နေ့ အသစ်ပြင်ဆင်ချက်)

http://www.moj.go.jp/isa/content/930005847.pdf

→ဘာသာစကားပေါင်းစုံ စာမျက်နှာ

http://www.moj.go.jp/isa/nyuukokukanri01_00155.html

"ကိုရိုနာဗိုင်းရပ်စ် အမျိုးအစားသစ် ကူးစက်မှု ဂယက်ကြောင့် မိခင်နိုင်ငံသို့ပြန်ရန် ခက်ခဲနေသည့် ကာလလတ်၊ အချိန်ရှည် နေထိုင်သူနှင့် ယခင်က ကာလလတ်-အချိန်ရှည်နေထိုင်ခဲ့သူ၏ နေထိုင်ခွင့်လျှောက်ထားခြင်းကို ကိုင်တွယ်မှုနှင့်ပတ်သက်၍" (လူဝင်မှုကြီးကြပ်ရေးဌာန ၂၀၂၀ပြည့်နှစ် အောက်တိုဘာလ ၁၉ရက်နေ့ အသစ်ပြင်ဆင်ချက်)

http://www.moj.go.jp/content/001320105.pdf

"ကိုရိုနာဗိုင်းရပ်စ် အမျိုးအစားသစ် ကူးစက်မှု ကျယ်ပြန့်လာခြင်းစသည်များ ခံစားရသည့် အလုပ်သင်လုပ်သားများ၏ နေထိုင်မှုလျှောက်ထားမှုဆိုင်ရာ သဘောထားနှင့် ပတ်သက်၍" (လူဝင်မှုကြီးကြပ်ရေးဌာန ၂၀၂၀ပြည့်နှစ် စက်တင်ဘာလ ၇ရက်နေ့ အသစ်ပြင်ဆင်ချက်)

http://www.moj.go.jp/content/001317458.pdf

"လူဝင်မှုကြီးကြပ်ရေးဌာန (လဝက ၊ Immigration Services Agency) ထံမှ အလုပ်သင်လုပ်သားများသို့ အသိပေးချက်"
(လူဝင်မှုကြီးကြပ်ရေးဌာန ၂၀၂၀ပြည့်နှစ် စက်တင်ဘာလ ၇ရက်နေ့ အသစ်ပြင်ဆင်ချက်)

http://www.moj.go.jp/content/001318821.pdf

"အလုပ်ထုတ်ခံရသည် နိုင်ငံခြားသားများသို့ အလုပ်ဆက်လက် လုပ်ကိုင်နိုင်ရေးထောက်ပံ့မှုကို မိတ်ဆက်ပေးခြင်း" (လူဝင်မှုကြီးကြပ်ရေးဌာန)

http://www.moj.go.jp/content/001328029.pdf

→ဘာသာစကားပေါင်းစုံ စာမျက်နှာ
http://www.moj.go.jp/isa/nyuukokukanri14_00008.html

新型コロナウイルス感染下における
外国にルーツがある人々への支援活動応援助成
三菱財団 × 中央共同募金会

原稿作成・翻訳：NPO 法人 多言語センターFACIL
https://tcc117.jp/facil/
FACIL